# မြန်မာကုန်သွယ်မှုမြှင့်တင်ရေးအဖွဲ့
## နေ့စဉ်ဈေးကွက်သတင်းလွှာ

April 19, 2019 Volume 18, Number 11


| ၁၉.၄.၂၀၁၉ | |
|---|---|
| ကမ္ဘာ့ရွှေဈေး | = ၁၂၇၆ /-US$ |
| မြန်မာ့ရွှေဈေး | = ၁၀၄၀၅၀၀/ ကျပ် |
| ဒေါ်လာဈေး | = ၁၅၁၅ ကျပ် |
| CBM Rate | = ၁၅၂၂.၀/ ကျပ် |
| ယူရို တစ်ယူရို | = ၁၇၁၂.၅ ကျပ် |
| စင်္ကာပူတစ်ဒေါ်လာ | = ၁၁၂၃.၁ ကျပ် |
| စတာလင်ပေါင်တစ်ပေါင် | = ၁၉၇၉.၁ ကျပ် |
| ဩစတြေးလျတစ်ဒေါ်လာ | = ၁၀၈၈.၉ ကျပ် |
| တရုတ်ယွမ် (တစ်ယွမ်) | = ၂၂၇.၀၅ ကျပ် |
| အိန္ဒိယရူပီး (တစ်ရူပီး) | = ၂၁.၉၃၁ ကျပ် |
| ကိုရီးယားဝမ်တစ်ရာ | = ၁၃၃.၉၀ ကျပ် |
| မလေးရှားရင်းဂစ် | = ၃၆၈.၃၀ ကျပ် |
| ထိုင်းဘတ်တစ်ဘတ် | = ၄၇.၈၃၂ ကျပ် |

Source: CBM Rate, etrademyanmar.com

## ဆန်တင်ပို့ မှုကဏ္ဍကို ပြန်လည်ဆန်းစစ်ရမည်ဟု စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီးပြော

အိုင်ဗရီကိုစ့်နိုင်ငံတွင် စားသုံးရန်မသင့်ဟုဆိုကာ ဖျက်ဆီးခဲ့သော မြန်မာ့ဆန်နှင့် ပတ်သက်ပြီး မြန်မာနိုင်ငံ ဆန်စပါးအသင်းချုပ်၊ ဆန်တင်ပို့သူ လုပ်ငန်းရှင်များနှင့် Inspection Agency များနှင့် တွေ့ဆုံမည်ဖြစ်ကာ မြန်မာ့ဆန်တင်ပို့မှုကဏ္ဍအားလုံးကို ပြန်လည်ဆန်းစစ်ရမည့် အချိန်ရောက်ပြီဟု စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးအောင်ထူးကပြောသည်။



အာဖရိကသို့ ဆန်တင်ပို့မှု နောက်ဆက်တွဲဖြစ်ရပ်များနှင့်ပတ်သတ်ပြီး ကနဦးတွေ့ရှိချက်များကို ဒုတိယဝန်ကြီး ဦးအောင်ထူးက လူမှုကွန်ရက် စာမျက်နှာမှ တဆင့် ဧပြီလ (၁၉) ရက်နေ့တွင် ထုတ်ဖော်ပြောဆိုခဲ့ခြင်း ဖြစ်သည်။ ဒီဖြစ်ရပ်ဟာ မြန်မာနိုင်ငံဆန်တင်ပို့သူများအတွက် Wake-up Call ပဲဖြစ်ပါတယ်။ ဆန်တင်ပို့မှု တစ်ခုလုံးကို ပြန်လည်ဆန်းစစ်ရမယ့် အချိန်ကျ နေပြီဖြစ်ကြောင်း ဒုတိယဝန်ကြီး ဦးအောင်ထူးကဆိုသည်။

မြန်မာဆန်ကို နာမည်ပျက်ဖြစ်သွားစေခဲ့သော အဆိုပါဖြစ်ရပ်တွင် မြန်မာနိုင်ငံမှ ဆန်တင်ပို့သည့်ကုမ္ပဏီတို့မှာ ရွှေဝါရောင်ကုမ္ပဏီမှ ဆန်မတ်ထရစ်တန်ချိန် (၁၃၅၀၀)၊ MEC မှ ဆန်မတ်ထရစ်တန်ချိန် (၈၀၀၀) နှင့် ရောဟာသ်ာကုမ္ပဏီမှ တန်ချိန် (၅၀၀) တို့ ပါဝင်ကြပြီး ရန်ကုန်အခြေစိုက် စင်ကာပူကုမ္ပဏီဖြစ်သည့် Olam International Co. Ltd. က ဝယ်ခဲ့ခြင်း ဖြစ်ကာ


**CONTACT US**

ကုန်သွယ်မှုသတင်းအချက်လက်နှင့် သုတေသနဌာနခွဲ

ဖုန်း ၀၁-၃၇၁၂၀၃
၀၁-၃၇၆၄၁၆
၀၁-၃၇၆၄၉၀
ဖက်စ် ၀၁- ၃၇၆၄၁၆

http://www.trade.gov.mm
myantradetir2016@gmail.com

အာဖရိကရှိ Guinea နိုင်ငံသို့ ရောင်းချရန်အတွက်ဖြစ်ကြောင်း၊ အဆိုပါ ဆန်ကို တင်ပို့ရန် သင်္ဘောမှာ ၂၀၁၈ ခုနှစ် ဩဂုတ်လကတည်းက ရောက်ရှိနေသော်လည်း မိုးရွာသွန်းမှုကြောင့် အချိန် (၂) လခွဲခန့် ကြာမြင့်ခဲ့ကာ ၂၀၁၈ ခုနှစ် အောက်တိုဘာလမှသာ ရန်ကုန်ဆိပ်ကမ်းမှ ထွက်ခွာနိုင်ခဲ့သော်လည်း အိန္ဒိယ နိုင်ငံတွင် ဆန်တန်ချိန် (၁၄၀၀၀) ဝင်ရောက်တင်ယူနေမှုကြောင့် ၂၀၁၈ ခုနှစ် နိုဝင်ဘာလမှ အိန္ဒိယ ဆိပ်ကမ်းမှ ထွက်ခွာပြီး ဒီဇင်ဘာလမှသာ Guinea နိုင်ငံသို့ ရောက်ရှိခဲ့ကြောင်း ဦးအောင်ထူးကပြောသည်။

ဆန်တန်ချိန် (၄၀၀၀) ခန့်ကို ချအပြီးတွင် ဆန်အလေးချိန် မပြည့်မီမှုကြောင့် ပြဿနာဖြစ်ပေါ်ခဲ့ပြီး ဆန်အရည်အသွေးစစ်ကုမ္ပဏီက လက်မခံသည့်အတွက် တခြားအာဖရိကနိုင်ငံများကို တင်ပို့ရောင်းချရန် လုပ်ဆောင်ခဲ့ သော်လည်း လက်မခံကြကြောင်း၊ ဆန်မရောင်းရသည့်အတွက် တင်ပို့သည့်ကုမ္ပဏီက မြန်မာနိုင်ငံကို ပြန်လည် သယ်ဆောင်လာရန် စီးပွားကူးသန်းဝန်ကြီးဌာနကို လာရောက်ဆွေးနွေးခဲ့ပြီး ဆန်တစ်အိတ်လျှင် ကီလို (၅၀) ရှိရမည့် အစား (၄၅) ကီလိုသာရှိသည်ကို စားသုံးရန်မသင့်ဟု လက်မခံသည့်အတွက် မြန်မာဆန်အတွက် နစ်နာထိခိုက်ရမှု ရှိကြောင်း၊ ပြန်လည်သယ်ဆောင်လာရန် စီးပွားကူးသန်းဝန်ကြီးဌာနက ခွင့်ပြုပေးခဲ့သော်လည်း သင်္ဘောမှာ ပြန်လည် ရောက်ရှိလာခဲ့ခြင်းမရှိဘဲ အာဖရိကတွင် လှည့်ရောင်းနေရာ အဆင်ပြေကြောင်းဆိုရာမှ အိုင်ဗရီကိုစ့်နိုင်ငံတွင် ဆန်များဖျက်ဆီးခံလိုက်ရကြောင်းဟုဆိုသည်။ စီးပွားရေးကုမ္ပဏီတွေက သူတို့အကျိုးစီးပွားအတွက် စီးပွားရေးလုပ်ကြ ပေမဲ့၊ မြန်မာဆန်ကို နာမည်ပျက်စေခဲ့ကြောင်း ဦးအောင်ထူးကဆိုသည်။

ဆန်များမှာ သင်္ဘောတင်ချိန်နှင့် သင်္ဘောအတွင်းရှိနေစဉ် ရေဝင်ခဲ့ပုံရပြီး သင်္ဘောပေါ်တွင် (၈) လကျော် ကြာမြင့်ခဲ့သည့်အတွက် သင်္ဘောပေါ်မှ ချချိန်တွင် ဆန်ပျက်သွားပုံရသဖြင့် သက်ဆိုင်ရာနိုင်ငံက ဖျက်ဆီးခဲ့ပုံရကြောင်း ဦးအောင်ထူးကပြောသည်။ ဖြစ်ရပ်အမှန်ကိုဆန်းစစ်မယ်၊ ဘယ်သူ့ရဲ့အားနည်းချက်လဲ၊ သက်ဆိုင်ရာတင်ပို့တဲ့ ကုမ္ပဏီ တွေလား၊ ပွဲစားလုပ်တဲ့ကုမ္ပဏီလား၊ Inspection Agency တွေလား၊ စီးပွားကူးသန်းအနေနဲ့က ဘာလုပ် ပေးနိုင်မလဲဟု ဦးအောင်ထူးကဆိုသည်။ ယင်းနှင့်ပတ်သက်ပြီး မြန်မာနိုင်ငံမှစိုက်ပျိုးသူများ၊ သိုလှောင်ကြိတ်ခွဲသူများ၊ ကုန်သည်ကြီးများ၊ မြန်မာနိုင်ငံ ဆန်စပါးအသင်းချုပ်၊ ပြည်ပတင်ပို့သည့် ကုမ္ပဏီများ၊ တဆင့်ခံရောင်းဝယ်သူများ၊ မြန်မာနိုင်ငံ ကုန်သည် များနှင့် စက်မှုအသင်းချုပ်နှင့် သက်ဆိုင်ရာဝန်ကြီးဌာနများအားလုံး တက်ညီလက်ညီပူးပေါင်းဆောင်ရွက် သွားကြရန် လိုအပ်မည်ဖြစ်ကြောင်း ဦးအောင်ထူးကပြောသည်။

**Source:** http://www.etrademyanmar.com.mm/NewsDetails.aspx?News=%2020228

## မှိုခြောက်မှုန့် ကို အာရှနိုင်ငံများသို့ တင်ပို့သွားမည်

ပြည်တွင်းထွက် မှိုခြောက်မှုန့်ကို အိမ်နီးချင်းနိုင်ငံများသို့ တင်သွင်းရန်ဆောင်ရွက်နေကြောင်း မြန်မာနိုင်ငံစားသုံးမှို အစုအဖွဲ့ဥက္ကဋ္ဌ ဦးတင်အောင်ကပြောသည်။ ငွေနှင်းမှို၊ ကြွက်နားရွက်မှို၊ ကောက်ရိုးမှိုများကို အခြောက်လှန်းကာ ပေါင်ဒါမှုန့်ပြုလုပ်၍ ဟင်းခတ်မှုန့်အဖြစ်အသုံးပြုမှု တွင်ကျယ်လာသည့်အတွက် ယခုကဲ့သို့ ဈေးကွက်ချဲ့ထွင်ရန် စီစဉ်ခြင်း

ဖြစ်သည်ဟု ၎င်းကဆိုသည်။ လက်ရှိအချိန်တွင် နမူနာအမှုန့်များကို မလေးနိုင်ငံသို့ လာမည့်ဧပြီလအတွင်း တင်ပို့သွားမည်ဖြစ်ပြီး အခြားနိုင်ငံများကိုလည်း တင်ပို့နိုင်ရန်စီစဉ်နေသည်။ မှိုအမှုန့်ကို ပြည်တွင်းမှာလည်းအသုံးပြုမှုများလာပါတယ်။ ပြည်တွင်းမှာ မှိုစိုက်သူတွေများလာတော့ မှိုဈေးနှုန်းတွေကကျလာတယ်။ အဲဒါကြောင့် ဈေးကွက်ချဲ့ထွင်ရတာပါ။ ပို့ဖို့ကလည်း နိုင်ငံတကာ အရည်အသွေးပြည့်မီဖို့ လိုအပ်သလို FDA ရဲ့ ခွင့်ပြုချက်လည်း လိုအပ်ပါကြောင်း ၎င်းကပြောသည်။

မှိုဈေးနှုန်းမှာ တစ်ပိဿာလျှင် ကျပ် ၃၅၀၀ ဝန်းကျင်ရှိနေပြီး ရန်ကုန်ဈေးကွက်သို့ နေ့စဉ် မှိုပိဿာချိန် ၇၀၀၀ မှ ၁၀၀၀၀ ကြား ဝင်ရောက်ကြောင်း ဦးတင်အောင်ကဆိုသည်။ မှိုအခြောက်တို တင်ပို့ရောင်းချနိုင်ရန် ထိုင်ဝမ်၊ ဂျပန်နှင့် ကိုရီးယားနိုင်ငံများရှိ ဝယ်လက်များနှင့်ညှိနှိုင်းတိုင်ပင်ဆွေးနွေးမှုများ ပြုလုပ်နေသည်ဟုလည်း မြန်မာနိုင်ငံ စားသုံးမှိုအစုအဖွဲ့နည်းပြ ဒေါ်သွယ်သွယ်အေးကပြောသည်။ သစ်သီးဝလံအသင်းကို မှိုသင်တန်းပေးဖို့ တောင်သူတွေက အများဆုံး တောင်းဆိုလာကြပါတယ်။ ဝင်ငွေရတာမြန်တဲ့အတွက် လူတွေက စိတ်ဝင်စားလာကြကြောင်း ၎င်းက ပြောသည်။ တောင်သူများအတွက် မှိုစနစ်တကျ စိုက်ပျိုးနည်းသင်တန်းများကို ကချင်ပြည်နယ်၊ မွန်ပြည်နယ်နှင့် ဧရာဝတီတိုင်းဒေသကြီးတွင် ပြုလုပ်ပေးခဲ့ပြီး စစ်တွေမြို့နှင့် အမ်းမြို့တွင် သင်တန်းဖွင့်လှစ်ရန် စီစဉ်ထားကြောင်းလည်း ၎င်းကဆိုသည်။ မှိုများကို တွင်ကျယ်စွာ စိုက်ပျိုးလာကြသော်လည်း အချို့သော မှိုစိုက်သူများမှာ နောက်ချေး၊ ကပ်ထူစက္ကူ အထူ၊ ဗေဒါများ အသုံးပြုကာ စိုက်ပျိုးမှုများ ပြုလုပ်လာကြရာ ယင်းမှ ထွက်ရှိသည့်အနံ့ကြောင့် ထိုမှိုများကို အဆင့်မြင့်စားသောက်ဆိုင်များက ဝယ်ယူမှုမရှိကြောင်း မှိုစိုက်သူများကဆိုသည်။ မှိုစိုက်ပျိုးရာတွင် လယ်ယာထွက်ပစ္စည်းများကို အသုံးပြု၍စိုက်ပျိုးနိုင်ပြီး စိုက်ပျိုးစရိတ်နည်းပါးခြင်း၊ တစ်ပတ်အတွင်း ငွေပြန်ရခြင်းတို့ကြောင့် တောင်သူများ လယ်ယာစိုက်ပျိုးမှုနားနေချိန်များတွင် တစ်ပိုင်တစ်နိုင်လုပ်ကိုင်မှုများလည်း များပြားလာသည်ဟု ဦးတင်အောင်ကဆိုသည်။

**Source: The Myanmar Times**

## မှောင်ခိုဝင်ရောက်မှု၊ တရုတ်ဝယ်လက်မရှိမှုတို့ကြောင့် ပြည်တွင်းသကြားဈေးကျနေ

ပြည်တွင်း သကြားထုတ်လုပ်မှုမှာ စားသုံးမှုထက်တစ်ဆနီးပါးပိုနေပြီး တရုတ်ဝယ်လက်မရှိခြင်း၊ နယ်စပ်မှ မှောင်ခိုသကြား ဝင်ရောက်လာနေခြင်းတို့ကြောင့် ဈေးနှုန်းကျဆင်းနေကြောင်း မြန်မာနိုင်ငံသကြား လုပ်ငန်းရှင်များအသင်းမှ ဒုတိယဥက္ကဋ္ဌ ဦးဝင်းဌေးကပြောသည်။ သင်္ကြန်ပြီးတာ သုံးရက်လောက်ပဲ ရှိသေးတာဆိုတော့ ဈေးနှုန်းအတိအကျတော့ မရှိသေးဘူး။ တရုတ်အဝယ်မရှိတာနဲ့ ပြည်တွင်းထုတ်လုပ်မှုပိုလာတာကြောင့် ဈေးကကျဆင်းနေတယ်လို့ ပြောလို့ရတယ်ဟု ဦးဝင်းဌေးကဆိုသည်။ သကြားဈေးမှာ တစ်ပိဿာ ကျပ် (၁၀၁၀) ဝန်းကျင်ရှိပြီး သင်္ကြန်ပြီးခါစဖြစ်သောကြောင့် လက်ရှိ ပေါက်ဈေးကို ပြောရခက်သော်လည်း ဈေးတက်ဖွယ်မရှိကြောင်း၊ တရုတ်နယ်စပ်ဝယ်လက်မရှိမှု၊ ပြည်တွင်း သကြားထုတ်လုပ်မှု ပိုလာမှု၊ လုပ်ငန်းသကြားများ ဈေးကွက်အတွင်း ဝင်ရောက်နေမှုနှင့် မြဝတီနယ်စပ်တို့ သကြား

မှောင်ခိုဝင်ရောက်လာမှုတို့ကြောင့် ဈေးနှုန်းမှာ အကျဘက်ရောက်နေကြောင်းသိရသည်။ နယ်စပ်က မှောင်ခိုတင်သွင်းလာတာ အစိုးရကတော့ တားတယ်ပြောပေမယ့် ဝင်နေတုန်းပဲ။ သူတို့ထိထိရောက်ရောက်မတားဆီးနိုင်သေးကြောင်း ဦးဝင်းဌေးက ဆိုသည်။ ယခုနှစ် ကြံစိုက်ပျိုးမှု တိုးလာသည့်အတွက် ကြံကြိတ်မှုမှာ မေလအထိကြိတ်ရမည်ဖြစ်ကာ ပြည်တွင်း စားသုံးနိုင်မှုထက် တစ်ဆနီးပါး ပိုမိုထွက်ရှိလာမည်ဟု ခန့်မှန်းထားသည်။

ထို့အတူ လုပ်ငန်းသကြားတင်သွင်းလာပြီး ဈေးကွက်အတွင်း ရောင်းချနေမှုများရှိနေသလို ပြည်ပမှသကြားများ မှောင်ခိုဝင်ရောက်လာမှုတို့ကြောင့်လည်း ဈေးကွက်အပေါ် အကျိုးသက်ရောက်မှု ရှိနေသည်ဟု ဦးဝင်းဌေးက ပြောသည်။ ပြည်တွင်း သကြားစားသုံးမှုမှာ တစ်နှစ်လျှင် တန်ချိန် (၃) သိန်းခန့် ရှိပြီး အခြား အာဆီယံဒေသတွင်းနှင့် နှိုင်းယှဉ်လျှင် နည်းပါးသေးသလို ပြည်တွင်း သကြားထုတ်လုပ်မှုပိုလာသည့်အတွက် ဈေးကွက်အတွင်း သကြားဈေးနှုန်းပြန်လည်ကောင်းမွန်ရန်မလွယ်ကူသေးဟု ဦးဝင်းဌေးကဆက်ပြောသည်။

**Source:** http://www.etrademyanmar.com.mm/NewsDetails.aspx?News=%2020227

## ပို့ကုန်သွင်းကုန်အပေါ် ကြိုတင်ငွေ(၂) ရာခိုင်နှုန်းကောက်ခံမှု မေလ (၁) ရက်နေ့စမည်

ပို့ကုန်သွင်းကုန် ကုန်စည်များတင်ပို့ရာတွင် ပို့ကုန်သွင်းကုန် တန်ဖိုး၏ (၂) ရာခိုင်နှုန်းကို ဝင်ငွေခွန်နှစ်အတွင်း ကြိုတင်ခွန် ကောက်ခံသွားမည်ဖြစ်ကာ ၂၀၁၉ ခုနှစ် မေလ (၁)ရက်နေ့မှ စတင်အသက်ဝင်မည်ဖြစ်ကြောင်း စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာနမှသိရသည်။ ပို့ကုန်တင်ပို့ရာတွင် ကျပ်ငွေဖြင့် တင်ပို့ပါက တင်ပို့သည့်ကုန်စည် တန်ဖိုး၏ (၂) ရာခိုင်နှုန်းကို ကျပ်ငွေဖြင့်လည်းကောင်း၊ နိုင်ငံခြားငွေဖြင့်တင်ပို့ပါက ကုန်စည်တန်ဖိုးကို တင်ပို့သည့် နေ့တွင် ဗဟိုဘဏ်မှ သတ်မှတ် ထားသည့် နိုင်ငံခြားငွေလဲနှုန်းဖြင့် တွက်ချက်ထားသည့် ကျပ်ငွေဖြင့်လည်းကောင်း ကောက်ခံမည်ဖြစ်ကြောင်း၊ သွင်းကုန် တင်သွင်းရာတွင် အကောက်ခွန် စည်းကြပ်တန်ဖိုး (Assessed Value) ၏ (၂) ရာခိုင်နှုန်းကို ကြိုတင်ခွန်ဖြင့် ကောက်ခံမည်ဖြစ်ကြောင်းသိရသည်။

အခွန်ကောက်ခံမှု နည်းပါးလာတဲ့အတွက် ပြန်ပြီးကောက်ခံတာလို့ပဲထင်ပါတယ်။ ကျွန်တော်တို့ကတော့ ပိုကြိုက်ပါတယ်ဟု လုပ်ငန်းရှင်တစ်ဦးဖြစ်သူ ဦးဝင်းဌေးကဆိုသည်။ ဝင်ငွေနှစ်အတွင်း ကြိုတင်ကောက်ခံရမည့် ပို့ကုန် သွင်းကုန်များတွင် နယ်စပ်ကုန်သွယ်မှုစနစ်ဖြင့် ဆောင်ရွက်သည့် ပို့ကုန် သွင်းကုန်များ၊ နယ်စပ်ကုန်သွယ်ရေးစခန်းမှ ပုံမှန်ကုန်သွယ်ရေးစနစ်ဖြင့် ဆောင်ရွက်သည့် ပို့ကုန်သွင်းကုန်များနှင့် ပုံမှန်ကုန်သွယ်ရေးစနစ်ဖြင့် ဆောင်ရွက်သည့် ပို့ကုန် သွင်းကုန်တို့ အကျုံးဝင်ပြီး ဝင်ငွေနှစ်အတွင်း ကောက်ခံရမည်ဖြစ်ကြောင်းသိရသည်။

အကျုံးမဝင်သည့် ပို့ကုန်သွင်းကုန်တို့မှာ အစိုးရက ဆောင်ရွက်သည့် ပို့ကုန် သွင်းကုန်များ၊ ယာဉ်အိုယာဉ်ဟောင်းများကို တစ်ဦးချင်စနစ်ဖြင့် တင်သွင်းမှုများ၊ မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင်ခွင့်ပြုချက်အရ အကောက်ခွန်ကင်းလွတ်ခွင့်နှင့် အညီ တင်သွင်းလာသည့် ပို့ကုန်သွင်းကုန်များ၊ ပြည်ပမှလှူဒါန်းသဖြင့် တင်သွင်းလာသည့် ကုန်စည်များ၊ မီးသတ်ယာဉ်၊ နာရေးယာဉ်များ၊ လူနာတင်ယာဉ်များ၊ လက်ခစား လုပ်ငန်းများအတွက် တင်သွင်းလာသည့် ကုန်စည်များ၊

Draw Back ဖြင့် တင်သွင်းလာသည့် ကုန်စည်များ၊ ယာယီတင်သွင်းမှုစနစ်ဖြင့် တင်သွင်းလာသည့် ကုန်စည်များ မပါဝင်ကြောင်းသိရသည်။ အဆိုပါ ကြိုတင်ဝင်ငွေ ကောက်ခံမှုကို ဝင်ငွေခွန်နှစ်အတွင်း အပြီးသတ် စည်းကြပ်မှုအရ ကျသင့် ဝင်ငွေခွန်မှ ခုနှိမ်ပေးရမည် ဖြစ်ကြောင်း သိရပြီး ကြိုတင်ခွန်ကို မကောက်ခံတော့သည်မှာ တစ်နှစ်နီးပါး ကြာမြင့်ခဲ့ပြီး နောက်ပိုင်း ပြန်လည် ကောက်ခံလာခဲ့ခြင်း ဖြစ်သည်။

**Source:** http://www.etrademyanmar.com.mm/NewsDetails.aspx?News=%2020226

## ကသာမြစ်ကျွန်းဖရဲသီး နယ်စပ်ဈေးကောင်းမရ၍ ပြည်တွင်းမှာသာ အရောင်းအဝယ်ပြုလုပ်

စစ်ကိုင်းတိုင်းဒေသကြီး ကသာမြို့ဒေသထွက် မြစ်ကျွန်းဖရဲသီးများမှာ ဧပြီလတွင် နယ်စပ်ပို့ကုန်အဖြစ် ဈေးကောင်း မရရှိသဖြင့် ပြည်တွင်း ဈေးကွက်အတွင်းသာ အရောင်းအဝယ်ပြုလုပ်လျက်ရှိကြောင်း ဒေသတွင်း မြစ်ကျွန်း ဖရဲသီးစိုက် တောင်သူများထံမှ သိရှိရသည်။ ကသာမြို့နယ်မြေနုကျွန်းကျေးရွာများတွင် စိုက်ပျိုးသည့်မြစ်ကျွန်း ဖရဲသီးများမှာ ပြီးခဲ့သည့် လများ၌ ဖန်းမော်၊ လွယ်ဂျယ်၊ မူဆယ်မြို့များသို့ တင်ပို့ရလျက်ရှိရာ ဈေးကောင်းရရှိ ခဲ့သော်လည်း လက်ရှိတွင် ရှမ်းဖရဲသီး၊ တရုတ်ထွက် နယ်စပ်ဖရဲသီးများပေါ်ချိန်တွင် ဈေးကောင်းမရတော့သဖြင့် ပြည်တွင်းဈေးကွက်၌သာ အရောင်းအဝယ် ပြုလုပ်နေရခြင်းဖြစ်သည်။ ကသာမြစ်ကျွန်းဖရဲသီးကို တရုတ်က လက်ခံနိုင်တဲ့ အရည်အသွေးမရှိတာက အသီးမာတယ်။ လတ်ဆတ်မှုအရောင်၊ အချိုနဲ့အလုံးမကြီးတာပေါ်မူတည်ပြီး လက်ရှိမှာဈေးကျတယ်။ ကသာဒေသထွက် ရောင်းရတဲ့အချိန်က တရုတ်မှာ ဖရဲသီးမထွက်သေးတာရယ်၊ ရှမ်းသီးလို့ ခေါ်တဲ့ နယ်စပ်မှာစိုက်တဲ့ ဖရဲသီးမပေါ်သေးတဲ့ ကြားကာလကို ဈေးကောင်းရတာပါ။ ခုကရှမ်းသီးရော နယ်စပ်စိုက်တဲ့ အသီးရောပေါ်နေကြောင်း ကသာမြို့နယ် မိုးတားလေး ကျေးရွာဖရဲစိုက်တောင်သူ ဦးထွန်းထွန်းကပြောသည်။

မြစ်ကျွန်းဖရဲသီးပေါ်ချိန်တွင် ကသာမြို့နယ်တွင်းရှိ မြစ်ကျွန်းဖရဲသီးများ စိုက်ပျိုးထွက်ရှိသည့်ကျေးရွာဆိပ်ကမ်း များမှ ဖရဲသီးအလုံးအကြီးအသေးပေါ်မူတည်၍ အလုံးရေ ၂၀၀၀ဝန်းကျင့်ခန့်ပါ ကားတစ်စီးလျှင် တင်ပို့ခကားခငွေကျပ် ၁၈ သိန်းခန့်ကုန်ကျပြီး နယ်စပ်ကုန်စည်ဒိုင်တွင် မြစ်ကျွန်းဖရဲသီး ဈေးဖြတ်ဝယ်ယူမှုမှာ ကားတစ်စီးလျှင် မြန်မာငွေ ကျပ် ၁၆ သိန်းခန့်သာ ဝယ်ယူမှုရှိသဖြင့် ဈေးကောင်းမရတော့ခြင်းဖြစ်သည်။ ရှမ်းသီးနယ်စပ်ထွက် ဖရဲသီးတွေက သယ်ယူရတာ မြန်တယ်။ လွယ်တယ်လေ။ သီးနှံအရောင်းကွင်းနဲ့လည်းနီးတယ်။ လတ်ဆတ်တော့ ဈေးကောင်းရတယ်။ ကသာထွက် မြစ်ကျွန်းသီးက သယ်ရတာဝေးတယ်။ သယ်ယူဖို့ကားလည်း ရှားတယ်။ သံပုရာကုန်းကျေးရွာ ဆိပ်ကမ်းကနေ မန္တလေး၊ မန္တလေးကနေမူဆယ်အထိဆိုကားခ ၁၈ သိန်း၊ ဖန်းမော်ကနေ လွယ်ဂျယ်သစ်သီးကွင်း အထိဆို ကားခကျပ် ၂၄ သိန်း အထိရှိနေတော့ ဝယ်တင်တဲ့သူတွေလည်းမကိုက်တော့ ရန်ကုန်ဘက်ကို တစ်ချက် အရောင်းအဝယ်လုပ်နေကြောင်း ကသာမြို့နယ် အထက်ဝဲကြီးကျေးရွာမှ ဖရဲသီးဝယ်ယူရောင်းချတင်ပို့သူ ဒေါ်မလေးက ပြောသည်။

ကသာမြို့ဒေသထွက်မြစ်ကျွန်းဖရဲသီးမှာ စိုက်ခင်းအတွင်း ပေါက်ဈေး ၁လုံး ဂေါင်သီး ၅၀၀ကျပ်၊ ပယ်သီး ၃၀၀ကျပ်၊

ကသာမြို့စျေးကွက်ပေါက်စျေး ၁လုံး ၁၅၀၀ကျပ်မှ ၂၀၀၀ကျပ်ကြားရှိပြီး ရန်ကုန်မြို့ဆိုင်အရောက် ဖရဲသီး၁လုံးလျှင် ၅၀၀ကျပ်ခန့်ကုန်ကျစရိတ်ရှိပြီး ရန်ကုန်မြို့မြစ်ကျွန်းဖရဲသီး ၁ လုံးပေါက်စျေး ၂၅၀၀ ကျပ်မှ ၃၀၀၀ ကျပ်ကြားပေါက်စျေး ရှိကြောင်းသိရသည်။ **Source:** http://www.etrademyanmar.com.mm/NewsDetails.aspx?News= %2020225

## ဆန်စပါးမျိုးသစ် အိန္ဒိယတီထွင်



ဆန်ရိုင်းတမျိုးရဲ့ မျိုးဗီဇကို မျိုးပွားယူပြီး ဆားငန်ဓာတ်ခံနိုင်ရည် ရှိတဲ့ ဆန်စပါးမျိုးသစ်တစ်မျိုးကို အိန္ဒိယသိပ္ပံပညာရှင်တွေက တီထွင် လိုက်ပါတယ်။ မျိုးပွားယူတဲ့ မူရင်းဆန်ရိုင်းဟာ အိန္ဒိယ၊ သီရိလင်္ကာ၊ ဘင်္ဂလားဒေ့ရှ်နဲ့ မြန်မာနိုင်ငံမှာ ရေငန်ဓာတ်ရှိတဲ့ မြစ်ဝတွေမှာ ပေါက်လေ့ရှိပါတယ်။ အခုတီထွင်လိုက်တဲ့ မျိုးသစ်ဟာ ပင်လယ်ရေ အငန်ဓာတ်ထက်ဝက်လောက် ငန်တဲ့ဒဏ်ကိုခံနိုင်တယ်လို့ ဗြိတိန်နိုင်ငံ လန်ဒန်အခြေစိုက် သိပ္ပံရေးရာ သတင်းဂျာနယ်မှာ ဖော်ပြထားပါတယ်။ ကမ္ဘာ့ရာသီဥတု ပြောင်းလဲနေတာကို စိုးရိမ်နေရချိန်မှာ ဆားငန်ဓာတ်နဲ့ မိုးခေါင်တဲ့ဒဏ်ကို ခံနိုင်ရည်ရှိတဲ့ ဆန်မျိုးသစ်တွေ တီထွင်ဖို့ အထူးသဖြင့်လိုအပ်နေတာမို့ ခုလိုစပါးသစ်မျိုးတွေ့ရှိတာဟာ အရေးပါတဲ့ တီထွင်မှုဖြစ်ပါတယ်။

**Source:** https://www.facebook.com/kope.aung?ref=br_rs

## ဂျုံသီးနှံဖွံ့ဖြိုးတိုးတက်ရေး အပြည်ပြည်ဆိုင်ရာ သုတေသနဗဟိုဌာနတို့ ပူးပေါင်းလုပ်ဆောင်သွားမည်



ဂျုံသီးနှံဖွံ့ဖြိုးတိုးတက်ရေးအတွက် စိုက်ပျိုးရေး သုတေသနဦးစီးဌာနနှင့် အပြည်ပြည်ဆိုင်ရာပြောင်းနှင့်ဂျုံသီးနှံဖွံ့ဖြိုးတိုးတက်ရေးသုတေသနဗဟိုဌာန (CIMMYT) တို့ ပူးပေါင်းဆောင်ရွက်သွားမည်ဖြစ်ကြောင်း စိုက်ပျိုးရေးသုတေသန ဦးစီးဌာနမှသတင်းရရှိသည်။

စိုက်ပျိုးရေးသုတေသနဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးနိုင်ကြည်ဝင်းက သုတေသနက သုတေသနလုပ်ငန်းတွေ တိုးချဲ့ဆောင်ရွက်တာနဲ့အညီ ပြောင်းသီးနဲ့မျိုးမျိုးသစ်တွေရရှိရေး ကြိုးပမ်းဆောင်ရွက်နေတယ် ဟုပြောသည်။

ပြောင်းသီးနှံ မျိုးသစ်လိုင်းများ နှင့် ဂျုံမျိုးသစ်များရရှိရေး၊ မြန်မာနိုင်ငံတွင် လက်ရှိကျရောက်နေသည့် ငမြှောင် တောင်ပိုး (FAW) ကျရောက်မှုကို လျော့နည်းစေရန်အတွက် CIMMYT အဖွဲ့မှ စိုက်ပျိုးရေးသုတေသန ဦးစီးဌာနနှင့်

ပူးပေါင်း၍ ပြောင်းစိုက်တောင်သူများအတွက် လိုအပ်သည့်အကူအညီများ ထောက်ပံ့ပေးရန်နှင့်သုတေသန လုပ်ငန်းများ ပူးပေါင်း ဆောင်ရွက်နိုင်ရန်အတွက်လည်း ဆွေးနွေးထားကြောင်းသိရသည်။ ယင်းဦးစီးဌာနအောက်တွင် ပြောင်းသီးနှံ စမ်းသပ်ကွက်များတွင် ပုံမှန်ရေသွင်းစိုက်ပျိုးခြင်း စမ်းသပ်ချက်နှင့် ပန်းပွင့်ချိန်ရေဖြတ်သည့် စမ်းသပ်ချက် (၂) ခုတွင် ငမြှောင်တောင်ပိုး (FAW) ကျရောက်မှုအပေါ် ပြောင်းမျိုးများအလိုက် အပင်၏တုံ့ပြန်မှုနှင့်ပတ်သက်၍ နိုင်ငံတကာ ပညာရှင်များနှင့် အပြန်အလှန် ဆွေးနွေးထားကြောင်း သိရသည်။

ထို့ပြင် တရုတ်ပညာရှင်များနှင့် တွေ့ဆုံရာတွင်လည်း တရုတ်ပညာရှင်များက ပြောင်းသီးနှံတွင် ကျရောက်သော ငမြှောင်တောင်ပိုး၏ Lifecycle (ဘဝစက်ဝန်း) နှင့် စက်ဝန်းအလိုက် စားသောက်နေထိုင်မှု ပုံစံအကြောင်းနှင့် ဘက်စုံပိုးမွှား ကာကွယ်နှိမ်နင်းနည်းများဖြစ်သည့် ခံနိုင်ရည်ရှိသော မျိုး၊ မစိုက်ခင် မျိုးစေ့အားဆေးဖြင့် လူးနယ်ခြင်း၊ ထောင်ချောက်အမျိုးမျိုး (အသုံးပြုခြင်း၊ ပိုးသတ်ဆေး၊ သဘာဝပိုးသတ်ဆေးများကို သင့်လျော်သည့်အချိန်တွင် သင့်လျော်သည့် နှုန်းထားများဖြင့် စနစ်တကျ ပတ်ဖျန်းပေးခြင်းနှင့် စိုက်ခင်းများအား စစ်တမ်းသေချာကောက်ယူရန် ပြုလုပ်ရန်လိုအပ်ကြောင်း၊ သို့မှသာ သီးနှံပျက်စီးဆုံးရှုံးမှု ပမာဏအားလျော့ချနိုင်မည်ဖြစ်ကြောင်းနှင့် စိုက်ပျိုးသူ တောင်သူ များအား သီးနှံအလိုက် အချိန်နှင့်တစ်ပြေးညီ ပညာပေးစိုက်ခင်းများတည်ထောင်ရန် ပညာပေးဆွေးနွေးပွဲများ ပြုလုပ် ပေးခြင်း၊ လက်ကမ်းစာစောင်များ ပေးဝေခြင်းများ ပြုလုပ်ပေးသင့်ကြောင်းသိရသည်။

**Source:** http://www.amiamyanmar.com/detail.aspx?id=6966

## ကမ္ဘာ့ရေနံဈေး တစ်စည် ၆၄ ဒေါ်လာခန့်အထိ ဆက်တက်ခဲ့ပြီး ပြည်တွင်း စက်သုံးဆီဈေးနှုန်း လေးလခွဲအတွင်း တစ်လီတာ ကျပ် ၁၄၀ မှ ၂၀၀ အထိ ဆက်တိုက်မြင့်တက်




ယခုရက်သတ္တပတ်များအတွင်း ဒေါ်လာ ဈေး ကျပ် ၁၅၀၀ အထက်တွင် အတက်အကျ နည်းပါးသော်လည်း ကမ္ဘာ့ရေနံဈေးသည် ဧပြီ ၁၈ ရက်တွင် တစ်စည် ၆၄ ဒေါ်လာခန့်အထိ ဆက်တက်ခဲ့ပြီး ပြည်တွင်းစက်သုံးဆီ ဈေးနှုန်း သည် လေးလအတွင်း တစ်လီတာ ကျပ် ၁၄၀ မှ ကျပ် ၂၀၀ အထိ ဆက်တိုက် မြင့်တက်လာ ကြောင်း စက်သုံးဆီအရောင်းဆိုင်များထံမှ သိရသည်။

ဧပြီ ၁၈ ရက်တွင် ပြည်တွင်း စက်သုံးဆီဆိုင် အများစုတွင် ရောင်းချနေသော ဈေးနှုန်းမှာ ဒီဇယ် တစ်လီတာ ၉၉၀ ကျပ် (တစ်ဂါလန် ၄၅၀၀ ကျပ်) ပရီမီယံဒီဇယ် တစ်လီတာ ၁၀၀၀ ကျပ် (တစ်ဂါလန် ၄၅၄၆ ကျပ်)၊ အောက်တိန်း 92 Ron တစ်လီတာ ၈၆၀ ကျပ် (တစ်ဂါလန် ၃၉၁၀ ကျပ်) အောက်တိန်း 95 Ron တစ်လီတာ ၉၃၀ ကျပ် (တစ်ဂါလန် ၄၂၂၈ ကျပ်)

ဖြစ်သည်။ ပြီးခဲ့သည့် ဇန်နဝါရီ ၃ ရက်တွင် ဖြစ်ပေါ်ခဲ့သော စက်သုံးဆီ ဈေးနှုန်းများနှင့် နှိုင်းယှဉ်ပါက ဒီဇယ် တစ်လီတာ ကျပ် ၁၄၀၊ ပရီမီယံဒီဇယ် တစ်လီတာ ၁၄၅ ကျပ်၊ 92 Ron တစ်လီတာ ၁၉၀ ကျပ်၊ 92 Ron တစ် လီတာ ကျပ် ၂၀၀ အထိ မြင့်တက်ခဲ့ခြင်း ဖြစ်သည်။ ရာခိုင်နှုန်းအားဖြင့် လေးလခွဲအတွင်း ဒီဇယ်ဆီ ၁၆ ဒသမ ၄၇ ရာခိုင်နှုန်း၊ ပရီမီယံဒီဇယ် ၁၆ ဒသမ ၉၅ ရာခိုင်နှုန်း၊ 92 Ron ၂၈ ဒသမ် ၃၅ ရာခိုင်နှုန်း၊ 95 Ron ၂၇ ဒသမ ၃၉ ရာခိုင်နှုန်း မြင့်တာလာခြင်း ဖြစ်သည်။

၂၀၁၇ ခုနှစ် အောက်တိုဘာ ဒုတိယပတ်မှ စတင်၍ ကမ္ဘာ့ရေနံဈေးနှုန်း သိသိသာသာ စတင်မြင့်တက်ခဲ့ပြီး ၂၀၁၇ ခုနှစ် ဩဂုတ်လဆန်းပိုင်းက ၄၉ ဒေါ်လာ ဝန်းကျင်ရှိသော ကမ္ဘာ့ရေနံဈေးနှုန်းသည် တဖြည်းဖြည်း ဆက်တိုက်မြင့်တက်ခဲ့ရာ ၂၀၁၈ ခုနှစ် အောက်တိုဘာ ၃ ရက်တွင် ၇၆ ဒေါ်လာအထိ မြင့်တက်ခဲ့သည်။ ထို့နောက် ရေနံဈေးနှုန်းများ ပြန်လည်ကျဆင်းခဲ့ရာ ဒီဇင်ဘာ ၂၄ ရက်တွင် ၄၂ ဒေါ်လာဝန်းကျင်အထိ ကျဆင်းခဲ့ပြီး ဇန်နဝါရီ ၁ ရက်တွင် ၄၅ ဒေါ်လာ ဝန်းကျင်၊ ဇန်နဝါရီ ၂၁ ရက်တွင် ၅၄ ဒေါ်လာဝန်းကျင်၊ မတ် ၂၀ ရက်တွင် ၆၀ ဒသမ ၂၃ ဒေါ် လာ၊ ဧပြီ ၁၆ ရက်တွင် ၆၄ ဒသမ ၀၅ ဒေါ်လာအထိ ဆက်လက် မြင့်တက်ခဲ့သည်။

ဒေါ်လာဈေးနှင့် ကမ္ဘာ့ရေနံဈေးနှုန်း အပြိုင်မြင့်တက်ခဲ့သည့် ၂၀၁၈ ခုနှစ် ဇွန်လမှ အောက်တိုဘာအထိ လေးလကျော်အတွင်း ပြည်တွင်း စက်သုံးဆီဈေးနှုန်း ၂၁ ရာခိုင်နှုန်းကျော်အထိ မြင့်တက်ခဲ့ပြီး တစ်လီတာ စံချိန်တင် ဈေးနှုန်းများအနေဖြင့် ၂၀၁၈ ခုနှစ် အောက်တိုဘာ ၁၀ ရက်တွင် 92 Ron ၁၀၆၅ ကျပ်၊ 95 Ron ၁၁၁၅ ကျပ်၊ ဒီဇယ် ၁၀၉၅ ကျပ်၊ ပရီမီယံဒီဇယ် ၁၁၀၅ ကျပ်အထိ ဖြစ်ပေါ်ခဲ့သည်။ ၂၀၁၈ ခုနှစ် အောက်တိုဘာလအတွင်း ဖြစ်ပေါ်ခဲ့သည့် စံချိန်တင် ဈေးနှုန်းနောက်ပိုင်း ၂၀၁၉ ခုနှစ် ဇန်နဝါရီ ၃ ရက်တွင် အနိမ့်ဆုံးဈေးနှုန်းအဖြစ် ဒီဇယ် တစ်လီတာ ကျပ် ၈၅၀ (တစ်ဂါလန် ၃၈၅၉ ကျပ်) ပရီမီယံဒီဇယ် တစ်လီတာ ကျပ် ၈၅၅ (တစ်ဂါလန် ၃၈၈၁ ကျပ်)၊ အောက်တိန်း 92 Ron တစ်လီတာ ၆၇၀ ကျပ် (တစ်ဂါလန် ၃၀၄၁ ကျပ်) အောက်တိန်း 95 Ron တစ်လီတာ ၇၃၀ ကျပ် (တစ်ဂါ လန် ၃၃၁၄ ကျပ်) အထိ ကျဆင်းခဲ့သည်။

၂၀၁၉ ခုနှစ် ဇန်နဝါရီလအတွင်း ဒေါ်လာဈေးကျဆင်းခဲ့သော်လည်း ကမ္ဘာ့ရေနံ ဈေးနှုန်းမြင့်တက်ခဲ့သောကြောင့် ပြည်တွင်း စက်သုံးဆီဈေးကွက်တွင် ဇန်နဝါရီလအတွင်း စက်သုံးဆီအမျိုးအစားအလိုက် တစ်လီတာလျှင် ၂၅ ကျပ်မှ ကျပ် ၆၀ အထိ ဈေးနှုန်းများ ပြန်လည်မြင့်တက်ခဲ့ပြီး ဖေဖော်ဝါရီလအတွင်း စက်သုံးဆီ အမျိုးအစားအလိုက် တစ်လီတာလျှင် ကျပ် ၄၀ အထိ၊ မတ်လအတွင်း စက်သုံးဆီ အမျိုးအစားအလိုက် တစ်လီတာလျှင် ၅၅ ကျပ်မှ ၈၀ အထိ ဈေးနှုန်းများ ဆက်လက် မြင့်တက်ခဲ့ခြင်းဖြစ်သည်။

ပြည်တွင်း ဈေးကွက်တွင် ၂၀၁၆ ခုနှစ် ဧပြီ ၁ ရက်တွင် ဖြစ်ပေါ်သော စက်သုံးဆီ လက်လီဈေးများမှာ ဒီဇယ် တစ်လီတာ ကျပ် ၅၀၀ (တစ်ဂါလန် ၂၂၇၀ ကျပ်) ပရီမီယံဒီဇယ် တစ်လီတာ ကျပ် ၅၄၀ (တစ်ဂါလန် ၂၄၅၁ ကျပ်)၊ အောက်တိန်း 92 Ron တစ်လီတာ ကျပ် ၅၅၀ (တစ်ဂါလန် ၂၄၉၇ ကျပ်) အောက်တိန်း 95 Ron တစ်လီတာ ၆၅၀ ကျပ် (တစ်ဂါလန် ၂၉၅၁ ကျပ်) ဖြစ်ရာ ၂၀၁၈ ခုနှစ် အောက်တိုဘာ ၁၀ ရက် ဈေးနှုန်း နှိုင်းယှဉ်ပါက လပေါင်း ၃၀ ကျော်အတွင်း ဒီဇယ် ၁၁၉ ရာခိုင်နှုန်း၊ ပရီမီယံဒီဇယ် ၁၀၅ ရာခိုင်နှုန်း၊ 92 Ron ၉၄ ရာခိုင်နှုန်း၊ 95 Ron ၇၂ ရာခိုင်နှုန်း ဈေးနှုန်းမြင့်တက်ခဲ့ကြောင်း သိရသည်။

**Source: newseleven.com/business**

# STOCK EXCHANGE (19.4.19)

YANGON STOCK EXCHANGE

Market Data | Listed Company | Regulations | Learning | Trading | Listing on YSX | About YSX

Home > Market Data > Stock trading data

## Stock trading data

As of 19th Apr. 2019

### Stock trading

| Name | Code | Close | Change | % Change | Open | High | Low | Trading volume | Trading value (MMK) | No. of listed shares | Market Cap. (mil MMK) |
|---|---|---|---|---|---|---|---|---|---|---|---|
| FMI | 00001 | 8,700 | +100 | +1.16% | 8,600 | 8,700 | 8,600 | 13 | 111,900 | 27,112,747 | 235,881 |
| MTSH | 00002 | 2,950 | +50 | +1.72% | 2,900 | 2,950 | 2,900 | 1,570 | 4,606,500 | 38,929,150 | 114,841 |
| MCB | 00003 | 7,000 | +0 | +0.00% | 7,000 | 7,000 | 7,000 | 3 | 21,000 | 10,400,986 | 72,807 |
| FPB | 00004 | 20,000 | +0 | +0.00% | 20,000 | 20,000 | 20,000 | 0 | 0 | 2,472,053 | 49,441 |
| TMH | 00005 | 2,700 | +0 | +0.00% | 2,700 | 2,700 | 2,700 | 0 | 0 | 12,212,906 | 32,975 |

### Today's summary

| Index name | Close | Change | % Change | Open | High | Low | Trading volume (shares) | Trading value (MMK) | No. of listed companies | Market Cap. (mil MMK) |
|---|---|---|---|---|---|---|---|---|---|---|
| MYANPIX | 370.59 | +3.41 | +0.93% | 367.18 | 370.59 | 367.18 | 1,586 | 4,739,400 | 5 | 505,945 |

### Index chart





## Market Overview

As of 1:00 pm, 19th Apr. 2019

| MYANPIX | 370.59 ▲ 3.41 |
|---|---|
| Total Volume (shares) | 1,586 |
| Total Value (MMK) | 5 mil |
| Listed Company | 5 |
| Market Cap. (MMK) | 505,945 mil |

MYANPIX




| Name | Code | Price | Change |
|---|---|---|---|
| FMI | 00001 | 8,700 | ▲ 100 |
| MTSH | 00002 | 2,950 | ▲ 50 |
| MCB | 00003 | 7,000 | ▲ 0 |
| FPB | 00004 | 20,000 | ▲ 0 |
| TMH | 00005 | 2,700 | ▲ 0 |